**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19)**

**ရောဂါကူးစက်ပြန့်ပွားမှုနှင့်သက်ဆိုင်သည့် တုံ့ပြန်ဆောင်ရွက်ချက်**

**[ ရန်ကုန်စတော့အိပ်ချိန်း၏ ဖွင့်ဟကြေညာချက်နှင့် စာရင်းဝင်ခြင်းစည်းမျဉ်းမူဝါဒအနှစ်ချုပ် ]**

## ၁။ စာရင်းဝင်ကုမ္ပဏီများသိရှိနိုင်ရန်အတွက်

[ အချိန်ကိုက် ဖွင့်ဟကြေညာချက် ]

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုများကြောင့် လုပ်ငန်းလုပ်ဆောင်မှုများနှင့် လုပ်ငန်းစွမ်းဆောင်မှုများအပေါ် သိသာသော အကျိုးသက်ရောက်မှုများအား အချိန်နှင့်တပြေးညီ ဖွင့်ဟကြေညာချက်များ ပြုလုပ်နိုင်ပါရန် မေတ္တာရပ်ခံချက်

- ❖ အကြောင်းကိစ္စရပ်တစ်ခုခုကြောင့်လုပ်ငန်းရလာဒ်များအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ပေါ်ပေါက်ပါက အချိန်နှင့်တပြေးညီ ဖွင့်ဟကြေညာချက်ပြုလုပ်ပေးပါရန်
- ❖ ဆုံးရှုံးနိုင်ခြေရှိသည့် သတင်းအချက်အလက်များ အစရှိသည်တို့ကို ဆွေးနွေးပွဲများ၌ ရင်းနှီးမြှုပ်နှံသူများအတွက် အသုံးပြုသည့် ဖွင့်ဟကြေညာချက်ဆိုင်ရာစာရွက်စာတမ်းများကို နှစ်ပတ်လည်အစီအရင်ခံစာတွင် ပိုမိုထည့်သွင်းဖော်ပြပေးပါရန်
- ❖ နှစ်ဝက်ဘဏ္ဍာရေးဆိုင်ရာထုတ်ပြန်ချက်များ နောက်ကျမည်ဆိုပါက ကုမ္ပဏီအနေနှင့် ကော်မရှင် (SECM) နှင့် ရန်ကုန်စတော့အိပ်ချိန်း (YSX) သို့ ကြိုတင်၍ အကြောင်းကြားပေးပါရန်

## ၂။ စာရင်းဝင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပြင်ဆင်လျက်ရှိသည့်ကုမ္ပဏီများသိရှိနိုင်ရန်အတွက်

[ စာရင်းဝင်စစ်ဆေးခြင်း ]

"လုပ်ငန်းတည်ငြိမ်မှုနှင့်အမြတ်အစွန်းရရှိမှု"

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို စိစစ်ရာတွင် လုပ်ငန်းစီမံချက်ကို အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည် (စိစစ်ချက်များပြုလုပ်ရာတွင် ယာယီအားဖြင့် လုပ်ငန်းဆောင်ရည်ကျဆင်းမှုကို ဆင်ခြင်သုံးသပ်သွားမည်ဖြစ်ပါသည်။)

"ကော်ပိုရိတ်သတင်းအချက်အလက်များအား ဖွင့်ဟကြေညာခြင်း အစရှိသည်"

- ❖ ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်လာသည့်သက်ရောက်မှုများကို ဖွင့်ဟကြေညာချက်ပြုလုပ်သည့်

စာရွက်စာတမ်းများ (ဆုံးရှုံးနိုင်ခြေနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ လုပ်ငန်းအနာဂတ်ကာလခန့်မှန်းချက်အခြေအနေများအစရှိသည်) တွင် ဖော်ပြထားရှိမှုအားစိစစ်ခြင်း

- ❖ ဥပမာအားဖြင့် မျက်မြင်အချက်အလက်ရရှိရန်ခက်ခဲခြင်း (သို့မဟုတ်) ရုံးတည်ရှိရာသို့ သွားရောက်ရန် ခက်ခဲခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ပြင်ပစာရင်းစစ်၏ " Qualified Opinion" အား လက်ခံမည်ဖြစ်သည်

"စာရင်းဝင်ရန်ပြန်လည်စစ်ဆေးခြင်းအတွက်စာရင်းဝင်စစ်ဆေးခြင်းဆိုင်ရာအခကြေးငွေ" ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေခြင်းကြောင့်စာရင်းဝင်ရန်လျှောက်ထားမှုအား ငြင်းပယ်ခံခဲ့ရပါက စာရင်းဝင်ရန် ပြန်လည်စစ်ဆေးခြင်းဆိုင်ရာ အခကြေးငွေအားကင်းလွတ်ခွင့်ရရှိမည် ဖြစ်သည်။